# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

October 2 , 2023 Volume 71, Number 1

၂.၁၀.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၄၁ US$ |
| မြန်မာ့ရွှေဈေး | = ၃၄၀၀၀၀၀ |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၁၂.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၀.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၅၂.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၃.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၆၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၅၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၄၇ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၅.၂၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၆.၈၄၉ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## အမျိုးသားပို့ကုန်မဟာဗျူဟာ(၂၀၂၀-၂၀၂၅) ရော်ဘာလုပ်ငန်းကဏ္ဍ အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း




အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀-၂၀၂၅) ရော်ဘာလုပ်ငန်းကဏ္ဍ အကောင်အထည်ဖော်ရေးညှိနှိုင်းအစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက်နေ့၊ နေ့လည် (၁၄:၀၀) နာရီတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ မဟာဗျူဟာကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရော်ဘာလုပ်ငန်းကဏ္ဍ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်များ စုစုပေါင်း (၂၄) ဦး တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ၊ မဟာဗျူဟာကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ ဒုတိယညွှန်ကြားရေးမှူး၊ ဒေါ်သီတာဝင်းဌေးက ကဏ္ဍကော်မတီကို Update ပြုလုပ်ခြင်း၊ လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထို့နောက်တက်ရောက်လာကြသူများက ရော်ဘာလုပ်ငန်းကဏ္ဍ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်များကို ပြင်ဆင်/ဖြည့်စွက်ရန်၊ သက်ဆိုင်ရာဌာနများအလိုက် လုပ်ငန်းစီမံချက် (Plan of Actions – PoAs) ပါလုပ်ငန်းစဉ်များအပေါ်တွင် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ရော်ဘာကဏ္ဍတွင် လက်ရှိဆောင်ရွက်နေသည်များကို ကဏ္ဍ၏လုပ်ငန်းစီမံချက်တွင် ထည့်သွင်းအကောင်အထည်ဖော်ရန်တို့ကို ဆွေးနွေးခဲ့ကြပါသည်။ ထို့အပြင် ရော်ဘာကဏ္ဍတွင်

စိုက်ဧကတိုးတက်လာသော်လည်း ပို့ကုန်ပမာဏ လျော့ကျလာခြင်းကြောင့် တရားမဝင်ကုန်သွယ်မှုကို တားဆီးနိုင်မည့် နည်းလမ်းများကို ဆွေးနွေးအဖြေရှာရန်၊ ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရော်ဘာပင်မလုပ်ငန်းစီမံချက် (Rubber Master Plan) ကို အမျိုးသားပို့ကုန်မဟာဗျူဟာနှင့် ချိတ်ဆက်ပြီးရေးဆွဲသွားရန်၊ ရော်ဘာကုန်သွယ်မှုပမာဏ တိုးလာစေရန် အတွက် အစိုးရမှပံ့ပိုးပူးပေါင်းဆောင်ရွက်ပေးသွားရန်၊ အောက်တိုဘာလ၌ကျင်းပမည့် ရော်ဘာဖိုရမ်တွင် ပုဂ္ဂလိကကဏ္ဍ အနေဖြင့် ကြုံတွေ့နေရသည့် အခက်အခဲများအားလုံးကို တင်ပြပေးသွားရန်တို့ကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို နေ့လည် (၁၅:၃၀) နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

**Source:** https://myantrade.gov.mm/article/Nay%20Pyi%20Taw%20STP_28-9-2023%207:28%20PM

## ပြည်ပပို့ကုန်တစ်မျိုးဖြစ်သည့် ငါးကွမ်းရှပ် ဆားမာကောင် ပိဿာချိန် တစ်သိန်းကျော် ထပ်မံတင်ပို့နိုင်



ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ရေထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းစုမှ ယခုလအတွင်း ရန်ကုန်မြို့သို့ သုံးလက်မခွဲ ငါးကွမ်းရှပ် ဆားမာကောင်ပိဿာချိန်၁၂၀၀၀၀ ကျော် ထပ်မံတင်ပို့ ရောင်းချနိုင်ကြောင်း သိရသည်။

ဟိုင်းကြီးကျွန်းမြို့မှ ရန်ကုန်မြို့သို့ ဇူလိုင်လနှင့်ဩဂုတ်လအတွင်း ငါးကွမ်းရှပ်ဆားမာကုန်ချိန်ပိဿာ ၅၀၀၀၀၀ ကျော် တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ငါးကွမ်းရှပ်ငယ် ကုန်ချိန်ပိဿာ ၁၂၀၀၀၀ ဝန်းကျင် ထပ်မံတင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဆားမာရောင်းဝယ်ရေး လုပ်ငန်းစုမှသိရသည်။ “ပို့ကုန်ကတော့ တောက်လျှောက်ပို့နေရပါတယ်။ ဈေးကွက်က အနည်းငယ်အေးတယ်လို့တော့ ပြောလို့ ရတယ်။ အဓိကရောင်းဝယ်ရေးက ပြည်ပပို့ကုန်အဖြစ် အားထားရောင်းရတာပါ။ ငါးဈေးက ဘတ်ငွေဈေး အတက်အကျနဲ့ဆိုင်ပေမယ့် ဈေးကွက်မှာ ငါးလက်ကျန်နည်းသွားရင်တော့ ဈေးပြန်ကောင်းလာမှာပါ။ လက်ရှိမှာတော့ငါးဈေးက တစ်ပိဿာငွေကျပ် ၂၅၀၀၀ မှ ၃၀၀၀၀ ဝန်းကျင်အထိတော့ရှိပါတယ်။ ယခင်နှစ် ရာသီသိမ်းချိန် ဈေးကွက်ကိုတော့ မမီသေးပါဘူး”ဟု ကုန်သည်တစ်ဦးကပြောသည်။

ဟိုင်းကြီးကျွန်းမြို့မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် မိမိဒေသထွက် ရေထွက်ကုန်ပစ္စည်းများအား ဝယ်ယူ၍သော်လည်းကောင်း၊ ငါးဖမ်းလုပ်ငန်းရှင် ကိုယ်တိုင်သော်လည်းကောင်း၊ ဆိုဒ်ခွဲဆားထိုးပြုပြင်ပြီး ကုန်ကားများဖြင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချမှုများရှိသကဲ့သို့ ထိုမှတစ်ဆင့်ဈေးကွက်ရှိရာ ရေးမြို့နှင့်ကော့သောင်းမြို့တို့သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းရှင်များထံမှသိရသည်။

**Source:** https://www.myawady.net.mm/node/46513

## စက်တင်ဘာလ ၂၂ မှ ၂၉ ရက်နေ့ထိ ဈေးကွက်သုံးသပ်ချက်

မိုးစပါးရည်ညွှန်းဈေးသတ်မှတ်ပြီးနောက်ခုတစ်ပတ်မှာ စပါးဈေးတန်း ပြုတ်ကျသွားပြီး ဆန်ဈေးလည်း အနည်းငယ်ကျသွားပါတယ်။ အလားတူ မတ်ပဲ၊ ပြောင်းဆန်၊ နှမ်းဈေးနှုန်းလည်းကျဆင်းလာပြီး ပဲစင်းငုံနီနဲ့ကုလားပဲက ဈေးထပ်တက်လာပါတယ် ။

**ဆန်ဈေးကွက်**

ဆက်တိုက်မြင့်တက်လာခဲ့တဲ့ ဆန်ဈေးကွက်ဟာ အရင်တစ်ပတ်မှာဈေးငြိမ်ခဲ့ပြီး ခုတစ်ပတ်မှာတော့ ဈေးအနည်းငယ်ကျလာတယ်လို့ ဆန်ကုန်သည်တွေဆီက သိရပါတယ်။

ရွှေဘိုပေါ်ဆန်း တစ်အိတ်ကို ကျပ် ၁၀၀၀၀ လောက်ကျသွားပြီး ကျန်တဲ့ ဆန်ကြမ်းတချို့လည်း တစ်အိတ်ကို ၁၀၀၀ ကနေ ၅၀၀၀ လောက်ထိပြန်ကျသွားတယ်လို့ သိရပါတယ်။ ဒါပေမယ့် လက်လီဈေးကွက်မှာတော့ ဆန်ဈေးကကျဆင်းတာမရှိဘဲ ဆန်တစ်ပြည်ကို အနိမ့်ဆုံး ၃၂၀၀ ကျပ်မှာဆက်ရှိနေပါသေးတယ်။

ရန်ကုန်ဝါးတန်းဈေးကွက်မှာ ကျားပျံရှယ်၊ ဖျာပုံ၊ ဧည့်ဒရဲ၊ မြောင်းမြပေါ်ဆန်း၊ ပေါ်ဆန်းနယ်စုံက တစ်အိတ်ကို ၁၀၀၀၀၀ ကျပ်နဲ့ အရင်ကတည်းကအတိုင်း ဈေးပေါက်ပြီး ရွှေဘိုပေါ်ဆန်းက ရန်ကုန်ဝါးတန်းဈေးကွက်မှာ တစ်အိတ်ကို အရင်ဈေး ၁၂၅၀၀၀ ကျပ်ရှိပြီး ပြင်ပဈေးကွက် မှာ ၁၅၀၀၀၀ ကျပ် ရှိနေပါတယ်။

ဆန်ဈေးကျဖို့နဲ့ ထပ်မတက်ဖို့အတွက်ဆိုပြီး မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ်နဲ့တာဝန်ရှိသူတွေက ပြည်ပကို ဆန်တင်ပို့မှုရပ်ထားခြင်း၊ ဆန်ကိုနယ်ကျော်သယ်ယူတဲ့အခါ ခွင့်ပြုချက်တောင်းခံရခြင်းစတဲ့ နည်းလမ်းပေါင်းစုံကိုသုံးပြီး လုပ်ကိုင်နေပါတယ်။

**စပါးဈေးကွက်**

လက်ရှိစပါးဈေးကွက်က ဈေးနှုန်းတွေ ပြုတ်ကျသွားပါတယ်။ မိုးစပါးကို ရည်ညွှန်းဈေးသတ်မှတ်လိုက်ပြီးနောက် အခုလို စပါးဈေးပြုတ်ကျသွားတာ ဖြစ်ပါတယ်။

လက်ရှိ မိုးစပါးအသစ်တွေစတင်ရိတ်သိမ်းနေပြီဖြစ်တဲ့ ရန်ကုန်၊ဧရာဝတီ၊ပဲခူးတိုင်းထဲမှာ ပေါင် ၅၀ နဲ့ တင်း ၁၀၀ကို ၁၂ သိန်းခွဲကနေ ၁၃ သိန်းကျော်သာ ဈေးတန်းရှိတော့တယ်လို့သိရပါတယ်။

ရည်ညွှန်းဈေး မသတ်မှတ်ခင်က စပါးဈေးက ၁၅ သိန်းကျော်ကနေ ၁၆ သိန်းအထိဈေးဖွင့် ဝယ်ယူခဲ့ကြတာဖြစ်ပါတယ်။ ဒါကြောင့် စပါးစိုက်တောင်သူအချို့က စပါးကိုသိုလှောင်ထားကြဖို့ စီစဉ်နေကြပါတယ်။ MRF က ထုတ်ပြန်ရည်ညွှန်းဈေးက ဆန်ကြမ်းအုပ်စုဝင် စပါးဖြစ်တဲ့ ဧည့်မထနဲ့ငစိန်အပါ စပါးအချို့ကို ၁၃ သိန်းကနေ ၁၅ သိန်းဝယ်ရမယ်လို့ သတ်မှတ်ထားတာပါ။ ပွဲစားတွေ၊ ဆန်စက်တွေ၊ ကုန်သည်တွေကတော့ ၁၅ သိန်းထိမပေးဘဲ အနိမ့်ဆုံး ၁၃ သိန်းဝန်းကျင်နဲ့သာ ဝယ်ယူ နေကြတာဖြစ်ပါတယ်။

**မတ်ပဲဈေးကွက်**

ပြည်တွင်းမတ်ပဲဈေးကွက်ကတော့ အတက်အကျ မတည်ငြိမ်ဘဲ ခုတစ်ပတ်မှာ ဈေးပြန်ကျသွားပါတယ်။ ခုတစ်ပတ်ထဲမှာကို ဈေးတန်းက တက်လိုက်ကျလိုက်ဖြစ်နေတာပါ။ မတ်ပဲက ပြည်တွင်းလက်ကျန်နည်းနေပြီး မတ်ပဲအသစ်ကလည်း မပေါ်သေးတာကြောင့် ဈေးတန်းက တအားကြီးကျဆင်းမယ့်အခြေအနေမရှိဘူးလို့ ကုန်သည်တွေကသုံးသပ်ထားကြပါတယ်။

ရန်ကုန်ဈေးကွက်မှာ မတ်ပဲ (FAQ/RC) က တစ်တန်ကို ၂၅၁၇၅၀၀ ပေါက်ဈေးရှိနေပြီး အရင်တစ်ပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၁၁၆၅၀၀ ဈေးပြန်ကျသွားပါတယ်။ မတ်ပဲ (RAW) ကလည်း တစ်ပိဿာကို ၄၁၂၅ မှ ၄၁၆၀ ကျပ်ဈေးရှိပြီး တစ်ပိဿာကို ၁၆၀ ကျော် ဈေးပြန်ကျသွားပါတယ်။ မန္တလေးဈေးကွက်မှာလည်း မတ်ပဲပိဿာ ၆၀ တစ်အိတ်ကို ၂၄၂၀၀၀ ကျပ်ဈေးရှိလို့ အရင်တပတ်ကထက် ၃၀၀၀ ဈေးပြန်ကျသွားပါတယ်။ နယ်တွေမှာလည်း မတ်ပဲ ပိဿာ ၂၀ ကို ၈၁၆၀၀ ကျပ်ဈေးပေါက်နေပြီး အရင်တပတ်ကထက် ၃၆၀၀ ကျော် ဈေးပြန်ကျသွားတာဖြစ်ပါတယ်။

**ပဲစင်းငုံနီဈေးကွက်**

ပဲစင်းငုံနီက ခုတစ်ပတ်မှာလည်း ဈေးအနည်းငယ် ထပ်တက်လာပါတယ်။ ဈေးကွက်အတွင်းမှာတော့ ပဲစင်းငုံနီ ရောင်းဝယ်မှုက အေးနေတယ်လို့ ကုန်စည်ဒိုင်တွေကနေ သိရပါတယ်။ ပဲစင်းငုံနီကိုတော့ အိန္ဒိယကိုသာ အဓိကတင်ပို့နေရတာ ဖြစ်ပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီ တစ်တန်ကို ငွေကျပ်သိန်း ၄၀ နဲ့ ၇၅၀၀၀ ဈေးပေါက်ပြီး အရင်တစ်ပတ်ကထက် ၂၅၀၀၀ ကျပ် ထပ်မြင့်တက်လာတာဖြစ်ပါတယ်။ ပဲစင်းငုံနီက ဈေးပြန်မြင့်တက်လာပြီး တောကုန်သည်တွေ အဝယ်လိုက်နေပေမယ့် မန္တလေးဈေးကွက်မှာတော့ ပဲစင်းငုံနီကိုဈေးဖွင့်ထားခြင်းမရှိပါဘူး။

**ကုလားပဲဈေးကွက်**

ကုလားပဲကတော့ ခုတစ်ပတ်မှာ ရန်ကုန်ဈေးကွက်၊ မန္တလေးဈေးကွက်နှစ်ခုလုံးမှာ ဈေးတက်လာတာ တွေ့ရပါတယ်။ ကုလားပဲက ပြည်တွင်းစားသုံးမှုအဓိကဖြစ်ပြီး လက်ကျန်နည်းနေတဲ့အပြင် စက်ပိုင်တွေက အဝယ်လိုက်နေလို့ ဈေးတက်နေတာ ဖြစ်တယ်လို့ မန္တလေးဈေးကွက်ကသိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ ကုလားပဲဖြူလုံးက ၄၅၈၀ မှ ၄၆၇၀ ကျပ်ဈေးပေါက်ပြီး အရင်တပတ်ကထက် ၉၀ ကျပ် တက်လာပါတယ်။ ကုလားပဲဖြူလုံးကြီးက ၄၆၆၅ ကျပ်ကနေ ၄၇၂၀ ကျပ်နဲ့ အရင်တပတ် ဈေးအတိုင်းဆက်ရှိနေပါတယ်။

မန္တလေးဈေးကွက်မှာလည်း ဈေးတက်လာလို့ ကုလားပဲ ၉၂၉ တစ်အိတ်ကို ၂၆၈၀၀၀ ကျပ်ဈေးပေါက်ပြီး အရင်တစ်ပတ်ကထက် ၁၀၀၀၀ ကျပ် ဈေးတက်လာ၊ ကုလားပဲ(V2) က ၂၆၈၀၀၀ ကျပ် ဈေးရှိပြီး ၁၀၀၀ ကျပ် ပြန်တက်လာကာ အရင်တစ်ပတ်က ဈေးမဖွင့်နိုင်ခဲ့တဲ့ ကုလားပဲ V7 ကလည်း ခုတစ်ပတ်မှာ ၂၇၆၀၀၀ ကနေ ၂၇၇၀၀၀ ကျပ်ပေါက်ဈေးရှိနေပါတယ်။

**ပြောင်းဈေးကွက်**

အစေ့ထုတ်ပြောင်းဈေးကွက်ကလည်း ဆက်တိုက်ကျဆင်းလာနေပါတယ်။ ပြောင်းဆံကို ထိုင်းနိုင်ငံရဲ့အခွန်ကင်းခွင့်ကာလနဲ့ တင်ပို့ခွင့်သက်တမ်းကုန်တဲ့ စက်တင်ဘာလအစကတည်းက ခုထိပြောင်းဆံဈေးက ဆက်တိုက်ကျဆင်းလာနေတာ ဖြစ်တယ်လို့ သိရပါတယ်။

ဩဂုတ်လကုန်တုန်းက ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ တစ်ပိဿာကို ၁၂၁၀ အထိရှိခဲ့ပြီး လက်ရှိမှာ ပြောင်းဆန် တစ်ပိဿာကို ၁၀၈၀ ကျပ်မှ ၁၁၀၀ ကျပ်သာရှိတော့တယ်လို့သိရပါတယ်။

မန္တလေးဈေးကွက်မှာ စက်တင်ဘာလပထမပတ်တုန်းက ပြောင်းဆန်တစ်ပိဿာကို ၁၀၉၃ ကျပ်ရှိပြီး ၄၅ ပိဿာ တစ်အိတ်ကိုတော့ ၆၀၀၀၀ မှ ၆၂၀၀၀ ကျပ်အထိရှိခဲ့ပါတယ်။

လက်ရှိမှာတော့ ပြောင်းဆန်တစ်ပိဿာကို ၉၆၃ ကျပ်ဈေးပေါက်ပြီး ၄၅ ပိဿာတစ်အိတ်ကိုတော့ ၅၀၀၀၀ မှ ၅၂၀၀၀ ကျပ် ဈေးပေါက်လို့ ၁၀၀၀၀ ကျပ်ကျဆင်းသွားပါတယ်။ ဈေးကွက်ကို ရှမ်းပြည်နယ်နဲ့အညာဒေသဘက်က ပြောင်းအသစ်တွေ ဝင်ရောက်နေတဲ့အပြင် ထိုင်းကလည်းတင်ပို့ခွင့်မရှိတော့လို့ ဈေးက ဆက်တိုက်ကျဆင်းလာတာ ဖြစ်တယ်လို့သိရပါတယ်။

**ထန်းလျက်**

ထန်းလျက်ကတော့ တစ်လလုံးဈေးတက်နေတဲ့ အခြေအနေဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်မှာတော့ အဝင်နည်းလို့ ဈေးမြင့်တက်နေပေမယ့် နယ်ဈေးကွက်တွေမှာတော့ အဝင်ပုံမှန်ရှိနေပြီး အဝယ်နည်းတယ်လို့သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ထန်းလျက်(တောင်သာ၊ ရေစကြို၊ ညောင်ဦးဆေးရှယ်)တို့က တစ်ပိဿာကို ၃၆၀၀ မှ ၅၈၀၀ ရှိပြီး ပြီးခဲ့တဲ့အပတ်ကထက် တစ်ပိဿာကို ၆၀၀ ကျပ်ဈေးမြင့်တက်လာပါတယ်။

**သကြား**

ပြီးခဲ့တဲ့အပတ်က ကျဆင်းတဲ့သကြားက ဒီတစ်ပတ်မှာ ဈေးပြန်ပြီးမြင့်တက်လာပါတယ်။ ကမ္ဘာ့သကြားပေါက်ဈေး အနည်းငယ်မြင့်တက်လာတဲ့အတွက် ဈေးတက်လာတယ်လို့သိရပါတယ်။ သကြားဈေး မြင့်တက်နေတာနဲ့ပတ်သတ်ပြီး ပြည်တွင်းကုန်သည်တွေအနေနဲ့ ဈေးကစားတာတွေရှိနေတယ်လို့ သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ သကြားတစ်ပိဿာကို ၃၇၃၀ မှ ၃၇၅၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၅၀ ကျပ် ဈေးမြင့်တက်လာပါတယ်။

**နှမ်းဈေးကွက်**

နှမ်းမျိုးစုံဈေးကွက်က ခုတစ်ပတ်မှာလည်း ဈေးနှုန်းတွေ ထပ်မံကျဆင်းသွားပါတယ်။ မန္တလေးဈေးကွက်မှာ နှမ်းဖြူ ရိုးရိုးက ၄၅ ပိဿာကို ၃၃၅၀၀၀ မှ ၃၆၂၀၀၀ ဈေးပေါက်ပြီး၊ အရင်တစ်ပတ်ကထက် ၁၃၀၀၀ ဝန်းကျင် ထပ်ကျသွားပြီး နှမ်းဖြူ ဂျပန်ကလည်း ၃၃၀၀၀၀ မှ ၃၆၀၀၀၀ ကျပ်ဈေးပေါက်ပြီး ၂၀၀၀၀ ကျပ် ထပ်မံကျသွားပါတယ်။

နှမ်းနက်စမုံကလည်း ၂၈၀၀၀၀ မှ ၃၃၀၀၀၀ ကျပ်ဈေးပေါက်ပြီး ၁၅၀၀၀ကျပ် ဈေးထပ်ကျသွားကာ အရင်တပတ် ဈေးမဖွင့်ခဲ့တဲ့ နှမ်းညိုကခုတပတ်မှာ ၂၉၀၀၀၀ ကျပ် ဈေးဖွင့်ထားပါတယ်။

မိုးနှမ်းအသစ်တွေ မန္တလေးဈေးကွက်ကို ပုံမှန်အတိုင်းဝင်ရောက်နေတဲ့အပြင် တရုတ်ဘက်က နှမ်းအဝယ်အေးနေတာ ကြောင့် နှမ်းဈေးကျနေတာဖြစ်တယ်လို့သိရပါတယ်။ နှမ်းနက်စမုံကတော့ အရည်အသွေးပေါ်လိုက်ပြီးဈေးက ပြောင်းလဲမှု ရှိတယ်လို့သိရပါတယ်။

**Source: https://t.me/htwettoe**

## အိန္ဒိယဆန်ဝယ်ယူခွင့် စင်ကာပူထပ်မံရရှိမည်

အိန္ဒိယသည် လူသားချင်းစာနာထောက်ထားမှု ဆောင်ရွက်သည့်အနေဖြင့် ဘာစမာတီမဟုတ်သော ဆန်ဖြူ နောက်ထပ် တန်ချိန် ၅၀,၀၀၀ ကို စင်ကာပူသို့တင်ပို့ခွင့်ပြုမည်ဟု အစိုးရအရာရှိနှစ်ဦးက ပြောကြားခဲ့သည်။

သံတမန်ရေးရာ အဓိကမိတ်ဖက်များဖြစ်သဖြင့် တင်ပို့ခွင့်တားမြစ်ထားသော ဆန်အမျိုးအစားကို ခြွင်းချက်အဖြစ် တင်ပို့ ခွင့်ပေးအပ်ခြင်းဖြစ်သည်။

အိန္ဒိယသည် တားမြစ်ထားသော ဆန်အမျိုးအစားကို အကန့်အသတ်ဖြင့် နိုင်ငံအချို့တို့ထံ တင်ပို့ခွင့်များ ပေးအပ်ခဲ့သည်။ မကြာသေးမီက ယူအေအီးသို့ တင်ပို့ခွင့်ပေးအပ်ခဲ့ပြီး သြဂုတ်လတွင် ဘူတန်၊ မောရစ်ရှ်နှင့်စင်ကာပူတို့ထံ တင်ပို့ခွင့်များ ပေးအပ်ခဲ့သည်။


ဇူလိုင် ၂၀ ရက်က ဘာစမာတီ မဟုတ်သော ဆန်ဖြူ တင်ပို့မှုကိုရပ်ဆိုင်းရန် အိန္ဒိယကြေညာခဲ့ပြီးနောက် ၎င်းနိုင်ငံများသည် ဘာစမာတီ မဟုတ်သော ဆန်ဖြူ ဝယ်ယူခွင့်ပေးအပ်ရန် အိန္ဒိယအစိုးရထံ ပန်ကြားခဲ့ကြသည်။

သြဂုတ်လတွင် စင်ကာပူမှ ဘာစမာတီ မဟုတ်သော ဆန်ဖြူ တန်ချိန် ၁၁၀,၀၀၀ ခန့်ကို ဝယ်ယူခွင့်ပေးအပ်ရန် ပန်ကြား ခဲ့ရာ အိန္ဒိယက တန်ချိန် ၅၀,၀၀၀ တင်ပို့ရန် ခွင့်ပြုခဲ့ပါသည်။

**Source: livemint**

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/6973-asia-rcie.html

## အယ်နီညိုကြောင့် အင်ဒိုနီးရှားမှာ အထွက်နှုန်းထိခိုက်သဖြင့် စားအုန်းဆီဈေး မြင့်တက်မည်



အယ်နီညိုရာသီဥတုပုံစံများကြောင့် စားအုန်းဆီ ကမ္ဘာ့ထိပ်တန်း ထုတ်လုပ်သူ အင်ဒိုနီးရှားတွင် အထွက်လျော့မည်ဟု မျှော်လင့်ထားသောကြောင့် ၂၀၂၄ ခုနှစ်တွင် စားအုန်းဆီကြမ်း ဈေးနှုန်းများသည် ပျမ်းမျှအားဖြင့် အနည်းဆုံး ၁၁% ပိုမြင့်တက်နိုင်သည်ဟု အင်ဒိုနီးရှားစားအုန်းဆီအသင်း (GAPKI) က ထုတ်ပြန်ကြေညာခဲ့သည်။

ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် တင်ပို့မှုလျော့ကျသည့် နေကြာဆီကဲ့သို့သော ဟင်းသီးဟင်းရွက်ဆီများ တင်ပို့မှုလျော့ကျခြင်းနှင့် စားအုန်းဆီ အထွက်နည်းခြင်းတို့ကြောင့် စားအုန်းဆီအပါအဝင် ဟင်းသီးဟင်းရွက်ဆီဈေးနှုန်းကို တွန်းတင်ပေးမည်ဖြစ်ကြောင်း ၎င်းက သတင်းထောက်များအား ပြောကြားခဲ့သည်။

ကိတ်မုန့်မှအစ ခေါင်းလျှော်ရည်အထိ သန့်ရှင်းရေးသုံးပစ္စည်းများအထိသုံးစွဲသော စားအုန်းဆီသည် အာဂျင်တီးနား၊ ဘရာဇီး၊ ရုရှား၊ ယူကရိန်းနှင့်ကနေဒါတို့မှ အဓိကထုတ်လုပ်သည့် ပဲပုပ်ဆီ၊ နေကြာဆီနှင့်မုန်ညှင်းကာနိုလာဆီတို့နှင့် ဈေးနှုန်း အတက်အကျ အချိတ်အဆက်ရှိသည်။

၂၀၂၃ ခုနှစ်တွင် အင်ဒိုနီးရှား၏ စားအုန်းဆီကြမ်းထုတ်လုပ်မှုသည် ယခင်နှစ်က တန်ချိန် ၄၆.၇ သန်းထက် တန်ချိန် ၁ သန်းခန့် မြင့်တက်လာနိုင်ကြောင်း Hasan မှ ပြောကြားခဲ့သည်။ သို့သော်လည်း အယ်နီညိုရာသီဥတုပြင်းထန်မှု အတိုင်းအတာအရ ထုတ်လုပ်မှုသည် ၂၀၂၄ ခုနှစ်တွင် ကျဆင်းမည်ဟုမျှော်လင့်ထားကြောင်း ၎င်းကပြောသည်။ "အယ်နီညိုရဲ့ သက်ရောက်မှုက မြင်သာနေပါပြီ။ အပူချိန်တွေမြင့်တက်လာပြီး ရာသီဥတုအလွန်ခြောက်သွေ့လာတယ်။ လာမယ့်နှစ်မှာ ဆီအုန်းထုတ်လုပ်မှုအပေါ် အယ်နီညိုရဲ့ တကယ့်သက်ရောက်မှုကိုမြင်တွေ့ရမှာပါ"ဟု ၎င်းကပြောသည်။

**Source: thestar**

https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/6972-palm-oil.html

## မလေးရှား ပြည်တွင်းထွက်ဆန်ဖြူ ဈေးမတက်ဟုပြောကြား

အချို့က အကြံပြုထားသည့်အတိုင်း ပြည်တွင်းဆန်ဖြူဈေးနှုန်းကို တစ်ကီလိုဂရမ် ရင်းဂစ် ၃.၄၀ သို့ တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ်မရှိကြောင်း မလေးရှားနိုင်ငံ စိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာဖူလုံရေးဝန်ကြီးဌာနမှ ပြောကြားသည်။

မလေးရှားမှ ဟိုက်ပါမားကတ်များလုပ်ငန်း Mydin မှ မန်နေးဂျင်းဒါရိုက်တာ Datuk Ameer Ali Mydin ၏ အဆိုပြုချက်ကို တုံ့ပြန်သည့်အနေဖြင့် ဝန်ကြီးဌာနက ပြည်တွင်းဆန်ဖြူ အများဆုံးဈေးနှုန်းကို တစ်ကီလိုလျှင် ရင်းဂစ် ၂.၆၀ ဖြင့် ဆက်လက်ပြဋ္ဌာန်းထားမည်ဟု ပြောကြားခဲ့သည်။ "ပြည်တွင်းဆန်ဖြူဈေးနှုန်း တိုးမြှင့်ပြဋ္ဌာန်းရေး အဆိုပြုချက်နဲ့စပ်လျဉ်းပြီး ဝန်ကြီးဌာန အနေနဲ့ ပြည်တွင်းဆန်ဖြူလက်လီဈေးဟာ ၂၀၀၈ ခုနှစ် ဆန် (ဈေးနှုန်းနှင့် အဆင့်အတန်း) အမိန့်နဲ့ ၁၉၉၄ စပါးနှင့် ဆန်အက်ဥပဒေတို့အရ ပြဋ္ဌာန်းထားတဲ့အတိုင်း တစ်ကီလိုဂရမ်ကို လက်လီဈေး ၂.၆၀ ရင်းဂစ်နဲ့ ဆက်လက်တည်ရှိနေတယ် ဆိုတာကို အတည်ပြုပြောကြားလိုပါတယ်"ဟု ၎င်းဝန်ကြီးဌာနမှ ပြောကြားသည်။

စက်တင်ဘာ ၂၇ ရက်က Ameer Ali Mydin သည် ဈေးကွက်ထဲ ပြည်တွင်းဆန်ဖြူ ပြတ်လပ်ခြင်း ပပျောက်စေရန်အတွက် ပြည်တွင်းဆန်ဖြူ ၁၀ ကီလိုဂရမ်လျှင် ၃၄ ရင်းဂစ်အထိတိုးမြှင့်ရန် အစိုးရအားတောင်းဆိုကြောင်း အင်္ဂလိပ်သတင်းစာ ဝဘ်မျက်နှာတွင် ဖော်ပြခဲ့သည်။

Mydin ဟိုက်ပါမားကတ် မန်နေးဂျင်း ဒါရိုက်တာ Ameer Ali Mydin က လက်ရှိ အများဆုံးဈေးနှုန်းသည် ၁၀ ကီလိုဂရမ်လျှင် ၂၆ ရင်းဂစ် သတ်မှတ်ထားရာ၌ ဈေးနည်းနေသဖြင့် ပြည်တွင်း ဆန်စက် လုပ်ငန်းရှင်များသည် ဆန်စပါး ကြိတ်ခွဲရန် စိတ်မပါကြကြောင်း ပြောကြားသည်။ "အများဆုံး ဈေးနှုန်းသတ်မှတ်ချက်ကို တိုးမြှင့်ပေးရင် ဆန်စက်တွေအတွက် တွက်ခြေကိုက်စေပြီး ဆန်တွေ ဈေးကွက်ထဲရောက်လာမယ်။ ပြည်တွင်းဆန်ဖြူပြတ်လပ်မှုကို သက်သာစေမှာပါ။ ၂၆ ရင်းဂစ် ဈေးနှုန်းကို ဆက်လက်ကိုင်စွဲထားတာကြောင့် ဆန်ဖြူပြတ်လပ်နေတာထက်စာရင် ပိုကောင်းတဲ့နည်းလမ်းပါ"ဟု ၎င်းက ပြောကြားသည်။

ပြည်တွင်းဆန်ဖြူဈေးနှုန်း မပြောင်းလဲသော်လည်း ပြည်ပမှတင်သွင်းသည့် ဆန်ဖြူကို ဈေးနှုန်း မြှင့်တင် သတ်မှတ်ပေးထားသည်။ တင်သွင်းသည့် ဆန်ဖြူလက်ကားအရောင်း ဂိုဒေါင်ဈေးနှုန်းကို ၅၀ ကီလိုဂရမ် ရင်းဂစ် ၁၆၀ ဟု တိုးမြှင့်သတ်မှတ်ပေးထားသည်။ ၎င်းဆန်ဖြူများကို စားသောက်ဆိုင်များ၊ စားသောက်ကုန်လုပ်ငန်းများ၊ ပြည်ပဆန်ဖြူရောင်းချသည့် ဆိုင်ငယ်များအနေဖြင့် ပြည်ပဆန်ဖြူကို လုပ်ငန်းသုံးအဖြစ် လိုသလောက်ဝယ်ယူရရှိနိုင်ရန်အတွက်ဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။ ယခုလို ပြည်ပဆန်ဖြူဝယ်ယူကြသဖြင့် ပြည်တွင်းဆန်ဖြူများကို လုပ်ငန်းလိုအပ်ချက်အရ အများအပြား ဝယ်ယူကြခြင်း လျော့နည်းသွားမည်။ သို့ဖြစ်ရာ လုပ်ငန်းသုံးနှင့်အိမ်ထောင်စုစားသုံးမှုတို့ကို ထိန်းညှိပေးထားနိုင်မည်ဟု ဝန်ကြီးဌာနက ပြောကြားသည်။

ဝန်ကြီးဌာနနှင့် စားသောက်ဆိုင်အသင်းများ၊ စားသောက်ကုန်လုပ်ငန်းရှင်များနှင့် အသေးစားဆန်ဆိုင် လုပ်ငန်းရှင်များနှင့် စက်တင်ဘာ ၁၅ ရက်က ညှိနှိုင်းမှုမှ ဤသဘောတူညီချက်ကိုရရှိခဲ့ကြောင်း ဝန်ကြီးဌာနကပြောကြားသည်။ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးဝန်ကြီး Datuk Seri Mohamad Sabu က အစိုးရ၏ စွက်ဖက်မှုအမျိုးမျိုးနှင့် အစိုးရ၏ မျက်ခြည်မပြတ် စောင့်ကြည့်မှုများဖြင့် ယခုဖြစ်ပေါ်နေသည့် ပြည်တွင်းဆန်ဖြူပြတ်လပ်မှုများ တစ်လအတွင်း ပပျောက်သွားပြီး ပြည်တွင်းဆန်ဖြူဈေးကွက် တည်ငြိမ်လာမည်ဟု ဝန်ကြီးဌာနက မျှော်လင့်ထားကြောင်း ပြောကြားသည်။

ပြည်တွင်းဆန်ဖြူ အထူးအစီအစဉ် Local White Rice Special Programme (PKBPT) ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကောင်အထည်ဖော်ရာတွင် ဆန်လုပ်ငန်းကဏ္ဍမှ ထုတ်လုပ်သူ၊ လက်ကားရောင်းချသူများနှင့် လက်လီရောင်းချသူများက ပူးပေါင်းပါဝင်ရန် ကတိကဝတ်ပြုထားကြောင်း ၎င်းကပြောကြားသည်။

**Source: thestar**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6968-asia-rice.html

## ဗီယက်နမ်နိုင်ငံတွင် ကော်ဖီဈေးမြင့်တက်လာပြီး ပြည်ပသို့တင်ပို့ရန်ရှားပါးနေ

ဗီယက်နမ်နိုင်ငံ၏ ကော်ဖီထုတ်ကုန်ပြတ်လပ်မှု/ရှားပါးခြင်းကြောင့် ကော်ဖီဈေးနှုန်းများ မြင့်မားနေကြောင်း သိရှိရပါသည်။ အကောက်ခွန်ဦးစီးဌာန၏ အဆိုအရ ဗီယက်နမ် ပို့ကုန်ကော်ဖီ ဈေးနှုန်းသည် ဩဂုတ်လတွင် စံချိန်တင်အမြင့်ဆုံးသို့ ရောက်ရှိခဲ့ပြီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃,၀၅၄ ဝန်းကျင်ရှိပြီး ယခုနှစ်တွင် ၂၉.၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

ပြည်တွင်းဈေးကွက်တွင်လည်း ဈေးနှုန်းများစံချိန်တင် မြင့်မားလာခဲ့ကြောင်း သိရပါသည်။ စက်တင်ဘာလ ၁၅ ရက်တွင် ဒက်လတ်ခရိုင်ရှိ ကော်ဖီတစ်ကီလိုကို ဗီယက်နမ်ဒေါင် ၆၆,၆၀၀ သို့ တိုးမြှင့်လာပြီး Gia Lai တွင် တစ်ကီလိုလျှင် ဗီယက်နမ်ဒေါင် ၆၆,၄၀၀ တိုးမြှင့်လာကာ Dak Nong တွင် တစ်ကီလိုလျှင် ဗီယက်နမ်ဒေါင် ၆၆,၉၀၀ ရောက်ရှိလာကြောင်း သိရှိရပါသည်။ သို့သော်လည်း ပြည်တွင်းကုမ္ပဏီများသည် ပို့ကုန်ထောက်ပံ့မှု အကန့်အသတ်နှင့်ရင်ဆိုင်နေရပြီး ဩဂုတ်လတွင် ဗီယက်နမ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၂၅၈ ဒသမ ၅ သန်းတန်ဖိုးရှိ ကော်ဖီတန်ချိန် ၈၄,၆၅၀ သာ တင်ပို့ခဲ့ပြီး၊ ၂၅ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းကာ တစ်နှစ်လျှင် ၂ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ စက်မှုလုပ်ငန်းသည် ပို့ကုန်ထောက်ပံ့မှုတွင် ထိုကဲ့သို့ပြတ်တောက်မှုမျိုး တစ်ခါမျှမကြုံဖူးကြောင်းနှင့် ဂျာမနီ၊ စပိန်၊ ဘယ်လ်ဂျီယံ၊ အမေရိကန်၊ အီတလီ၊ ဂျပန်နှင့်ရုရှားတို့သည် ဗီယက်နမ်ကော်ဖီကို အများဆုံးတင်သွင်းသည့် နိုင်ငံများစာရင်းတွင် ပါဝင်ကြောင်းဖော်ပြထားပါသည်။

Phuc Sinh Coffee JS Company ၏ ဥက္ကဋ္ဌ Phan Minh Thong က ဗီယက်နမ်သည် ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး ကော်ဖီတင်ပို့သူအဖြစ် ဆက်လက်တည်ရှိနေသော်လည်း ယခုနှစ်တွင် ဒေသအများအပြားတွင် ရာသီဥတုအခြေအနေကြောင့် ကော်ဖီစိုက်ပျိုးမှုညှိဖျင်းမှု ကြုံတွေ့ခဲ့ရကြောင်း သိရှိရပါသည်။ ဗီယက်နမ်ကော်ဖီ ကိုကိုးအသင်းမှ ဗီယက်နမ်ကော်ဖီဈေးနှုန်းများသည် လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ အတွင်း အမြင့်ဆုံးဖြစ်ကြောင်း ဝန်ခံပြောကြားခဲ့ပြီး ကုမ္ပဏီများအနေဖြင့် ပို့ကုန်အတွက် ကော်ဖီအများအပြားမရှိကြောင်း၊ ထို့ကြောင့် ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ဩဂုတ်လမှအောက်တိုဘာလအထိ ကော်ဖီတင်ပို့မှု လျော့ကျသွားနိုင်ကြောင်း သိရှိရပါသည်။ အမှန်တကယ်တွင် ကော်ဖီစိုက်ပျိုးသူ အများအပြားသည် ကော်ဖီအထွက်နှုန်း ကျဆင်းမှုအတွက် အပြစ်တင်ခံရသည့်အတွက် ဒူးရင်းကဲ့သို့သော အသီးအနှံများကို ပြောင်းလဲစိုက်ပျိုးလာကြောင်း သိရပါသည်။

**Source: Vietnamnet Global**

**(ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဗီယက်နမ်)**

https://myantrade.gov.mm/article/Naypyitawstp_290920230132

## တရုတ်-မြန်မာနယ်စပ်မှတဆင့် စီးပွားရေးဗီဇာဖြင့် ယနေ့စမ်းသပ်ဖြတ်သန်းခွင့်ပေး

ယနေ့ အောက်တိုဘာ (၁) ရက်မှစတင်ပြီး တရုတ်-မြန်မာ နှစ်နိုင်ငံ အဝင်/အထွက်ကို မူဆယ်နယ်စပ်မှတဆင့် နိုင်ငံကူးလက်မှတ် Bussiness Visa ဖြင့် စမ်းသပ်ခွင့်ပြုထားကြောင်း နယ်စပ်ကုန်သည်များ၏ ပြောပြချက်အရ သိရသည်။

"အခုကတော့ Bussiness Visa အတွက်ပဲ၊ ဒါတောင် စမ်းသပ်ခွင့်ပြုအဆင့်ပဲရှိသေးတယ်၊ မကြာခင်တော့ ခွင့်ပြုသွားမယ်လို့ကြားတယ်"ဟု မူဆယ်နယ်စပ်ရှိ ကုန်သည်တစ်ဦးကပြောသည်။ အဆိုပါလုပ်ငန်းဗီဇာအတွက် Show Money ပြရမည်ဖြစ်ပြီး ကောင်စစ်ဝန်ရုံး သို့မဟုတ် သံရုံးတွင် ဗီဇာယူရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Bussiness Visa ဖြင့် ဝင်ရောက်မည့် သူများအနေဖြင့် တရုတ်ဘက်တွင် နေထိုင်ခွင့်တစ်လပြည့်ပါက ပြန်ထွက်၍ ဗီဇာပြန်လည်လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

စီးပွားရေးလုပ်ငန်းအတွက် နိုင်ငံကူးလက်မှတ် လျှောက်ထားလိုသူများအနေဖြင့် ကုမ္ပဏီမှတ်ပုံတင် မိတ္တူ (၁) စုံ၊ ပုံစံ (၆/၂၆) မူရင်းနှင့် မိတ္တူ (၁) စုံလိုအပ်ပြီး ရန်ကုန်၊ မန္တလေး၊ လားရှိုးမြို့တို့တွင်ရှိသည့် နိုင်ငံကူးလက်မှတ် စိစစ်ထုတ်ပေးရေး ရုံးများတွင် လျှောက်ထားရယူနိုင်ကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=131605

## STOCK EXCHANGE (2.10.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 2nd Oct. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,800 (Shares) | 10,482,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | -100 | -1.11% | 8,900 | 8,900 | 8,900 | 20 | 178,000 | 33,109,694 | 294,676 |
| MTSH | 00002 | 3,050 | +0 | +0.00% | 3,000 | 3,050 | 2,950 | 1,502 | 4,456,100 | 38,929,150 | 118,734 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 0 | 0 | 10,400,986 | 78,007 |
| FPB | 00004 | 1,650 | -50 | -2.94% | 1,700 | 1,700 | 1,650 | 1,465 | 2,422,450 | 29,664,613 | 48,947 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 0 | 0 | 12,823,224 | 30,776 |
| EFR | 00006 | 2,200 | +0 | +0.00% | 2,100 | 2,200 | 2,100 | 577 | 1,232,700 | 19,977,223 | 43,950 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |
| MAEX | 00008 | 1,800 | +0 | +0.00% | 1,750 | 1,800 | 1,750 | 1,236 | 2,193,500 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 2nd Oct. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MM |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 376.65 | -2.54 | -0.67% | 379.19 | 379.19 | 373.52 | 4,800 | 10,482,750 | 8 | 710,427 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 2nd Oct. 2023

| Trading Volume | Trading Value |
|---|---|
| 4,800 (Shares) | 10,482,750 (MMK) |

### Main Board

As of 1:00 pm, 2nd Oct. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,800 (Shares) | 10,482,750 (MMK) |

| MYANPIX | 376.65 ▼ 2.54 |
|---|---|
| Total Volume (shares) | 4,800 |
| Total Value (MMK) | 10 mil |
| Listed Company | 8 |
| Market Cap. (MMK) | 710,427 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▼ 100 |
| MTSH | 00002 | 3,050 | ▲ 0 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,650 | ▼ 50 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,200 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |
| MAEX | 00008 | 1,800 | ▲ 0 |